# မြန်မာဆရာ၊မများအတွက်သင်ကြားမှုအရည်အသွေးသတ်မှတ်ချက်စံနှုန်း

## မြန်မာဆရာများတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ပေါ်တွင်အခြေခံထားသည်

(၂၀၂၀)

Teacher FOCUS

| ဆရာ/မ အမည် | | ကျောင်းအမည် | |
|---|---|---|---|
| အတန်း/ဘာသာရပ် | | ကျောင်းသားဦးရေ | |
| သင်ခန်းစာခေါင်းစဉ် | | နေ့စွဲ | |

<table>
<tr><th>မြန်မာ ဆရာများ သင်ကြားမှု အရည်အသွေး သတ်မှတ်ချက်စံနှုန်း</th><th>အကြို အကဲဖြတ် မေးခွန်းများ</th></tr>
<tr><td>က(၁)<br>ကျောင်းသားများမည်ကဲ့သို့သင်ယူသည်ကို နားလည်ခြင်း။</td><td>က(၁.၁)သင့် ကျောင်းသားများတွင် တွေးခေါ်မှု၊ ရုပ်ပိုင်းဆိုင်ရာ၊ ပေါင်းသင်းဆက်ဆံရေး၊ ဘာသာစကား နှင့် စိတ်ခံစားမှု များနှင့်ပတ်သက်သော စိန်ခေါ်မှုများရှိပါသလား။ သင်၏သင်ခန်းစာသည်ထိုစိန်ခေါ်မှုများကိုမည်သည့်နည်းလမ်းများဖြင့်ဖြေရှင်းပေးနိုင်ပါသနည်း။
<table>
<tr><th>သင့် ကျောင်းသားများတွင် ရှိနိုင်သော အခက်အခဲများ</th><th>ဤအချက်နှင့်ပတ်သက်၍ အကူအညီပိုမိုလိုအပ်သော ကျောင်းသားမည်မျှရှိသနည်း။</th><th>ဤလိုအပ်ချက်ကို သင့်သင်ခန်းစာက ဖြည့်စွက်ပေးထားသော နည်းလမ်းများကို ဖော်ပြပါ။</th></tr>
<tr><td>ဉာဏ်ရည်ပိုင်းဆိုင်ရာ</td><td></td><td></td></tr>
<tr><td>ရုပ်ပိုင်းဆိုင်ရာ</td><td></td><td></td></tr>
<tr><td>ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ</td><td></td><td></td></tr>
<tr><td>ဘာသာစကားဆိုင်ရာ</td><td></td><td></td></tr>
</table>
က(၁.၂) ယခုသင်ခန်းစာကို ကျောင်းသားများသိထားပြီးသား ဗဟုသုတများနှင့် ချိတ်ဆက်ရန် မည်သို့ပြင်ဆင်ထားသနည်း။</td></tr>
</table>

<table>
<tr>
<td>က(၄) သင်ရိုးညွှန်းတမ်းကို နားလည် သဘောပေါက်ထားခြင်း။</td>
<td>
က(၄.၁.၁)။ သင်ခန်းစာအဆုံးတွင် ကျောင်းသားများမည်သည့်အရာများ တတ်မြောက်သွားမည်နည်း။ (သင်ခန်းစာ၏ရည်ရွယ်ချက်)<br><br>
က(၄.၁.၂)။ ဤသင်ခန်းစာကို သင်ကြားသွားမည့် သင်ကြားနည်းအဆင့်များကို ဖော်ပြပါ။
<table>
<tr><td>၁။</td><td>၅။</td></tr>
<tr><td>၂။</td><td>၆။</td></tr>
<tr><td>၃။</td><td>၇။</td></tr>
<tr><td>၄။</td><td>၈။</td></tr>
</table>
က(၄.၁.၃)။ ကျောင်းသားတတ်မြောက်သွားကြောင်းကို မည်သို့စစ်ဆေးမည်နည်း။
</td>
</tr>
<tr>
<td>က(၂) နည်းပညာကိုအသုံးပြု၍ သင်ကြားခြင်းများကို သိရှိခြင်း</td>
<td>
က(၂.၁)။ သင်၏သင်ခန်းစာမှတဆင့် ကလေးများ <u>စိတ်ဝင်စားလာစေရန်၊</u> <u>မေးခွန်းများများမေးစေရန်၊</u> <u>ပြဿနာများကိုဖြေရှင်းတတ်စေရန်၊</u> <u>တီထွင်ကြံဆမှုများတိုးတက်လာနိုင်စေရန်</u> မည်သည့်နည်းလမ်းများကိုအသုံးပြုမည်နည်း။<br><br>
က(၂.၂)။ ဤသင်ခန်းစာအတွက် ဘယ်လိုသင်ထောက်ကူပစ္စည်းများကို သုံးမည်နည်း။
</td>
</tr>
</table>

| | |
|---|---|
| **က(၅) ဘာသာရပ်ပါ အကြောင်းအရာများကို သိရှိနားလည်ခြင်း။** | က(၅.၁)။ ကျောင်းသားများ သင်ယူခဲ့သောအရာများကို <u>လက်တွေအသုံးချရန်</u> သင်၏သင်ခန်းစာကို မည်သို့ပြင်ဆင်ထားပါသနည်း။<br><br>က(၅.၂)။ ကျောင်းသားအားလုံး၏သင်ယူမှုလိုအပ်ချက်အားလုံး (အမြင်၊အကြား၊ထိတွေ့လှုပ်ရှားမှု) နှင့် ကိုက်ညီရန် သင်၏သင်ခန်းစာကို မည်သို့ပြင်ဆင်ထားပါသနည်း။ (အသေးစိတ်ဖော်ပြပါ) |
| **က(၃) ကျောင်းသားများ ၄င်းတို့၏မိသားစုများနှင့် မည်ကဲ့သို့ကောင်းမွန်စွာ ပေါင်းသင်းဆက်သွယ် ရမည်ကိုသိရှိခြင်း။** | က(၃.၂) သင်၏ သင်ခန်းစာသည် ကျောင်းသားများ၏ <u>ယဉ်ကျေးမှု၊ နေ့စဉ်ဘဝများနှင့်</u> မည်သို့ဆက်စပ်ပါသနည်း။<br><br>က(၃.၁) ဆရာကျင့်ဝတ် ၅ ဖြာကို သင်မည်သို့ကြိုးစားလုပ်ဆောင်သည်ကိုဥပမာပေးပါ။ |

| **မြန်မာ့ဆရာ<br>များ သတ်မှတ်<br>ချက်စံနှုန်း** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိ<br>သောအဆင့်**<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>**အခြေခံအဆင့်**<br>*-ဆရာ/မ ကြိုးစား<br>သင်ကြားသော်လည်း<br>မအောင်မြင်ပါ။* | အဆင့်(၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*-ဆရာ/မ ကြိုးစားအား<br>ထုတ်မှုအောင်မြင်ပါသည်။* | **အဆင့်(၄)<br>အောင်မြင်သောအဆင့်**<br>*-ဆရာ/မနှင့် ကျောင်းသား/သူ<br>နှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | **မှတ်ချက်<br>ကြည့်ခဲ့သောသင်ခန်းစာအား<br>အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။** | **ဗွီဒီယို အချိန်** |
|---|---|---|---|---|---|---|
| **ခ(၁.၁)<br>ဘာသာရပ်ပါ<br>အသိပညာနှင့်<br>အကြောင်း<br>အရာများ** | ဆရာသည် သင်ခန်းစာနှင့်<br>ပတ်သက်၍နားလည်မှု<br>အားနည်းကာ<br>သင်ရိုးညွှန်းတမ်းပါ<br>အကြောင်းအရာကို<br>တိုက်ရိုက်သာသင်ကြား၍<br>ကျောင်းသားများကိုပိုမို<br>နားလည်မှုရှိစေရန်ကြိုးစား<br>အားထုတ်သင်ကြား ခြင်းကို<br>မတွေ့ ရပေ။<br><br>ဆရာ၏ရှင်းပြချက်များတွင်<br>သင်ခန်းစာပါ<br>အကြောင်းအရင်းများ ကို<br>မှားယွင်းစွာရှင်းပြခြင်းကြောင့်<br>ကျောင်းသားများ၏<br>သင်ခန်းစာအပေါ်နားလည်မှုကို<br>သက်ရောက်စေခြင်း။ | ဆရာသည် သင်ရိုးညွှန်းတမ်းပါ<br>အကြောင်းအရာများကို<br>အောင်မြင်မှုမရှိခဲ့ပေ။<br><br>ဆရာသည်အကြောင်းအရာများကို<br>ကျောင်းသားများ စိတ်ဝင်စား<br>မည့်အချက်များနှင့်<br>ချိတ်ဆက်ပေးသော်လည်း<br>အကြောင်းအရာသည်ပတ်သက်<br>ဆက်နွယ်ခြင်း မရှိသည့်အတွက်<br>ထဲထဲဝင်ဝင်နားလည်နိုင်စေရန်<br>အထောက်အကူမဖြစ်ခဲ့ပါ။<br><br>သင်ခန်းစာသည်<br>သင်ရိုးညွှန်းတမ်းကို<br>ကောင်းမွန်ထိရောက်မှု မရှိစွာ<br>(သို့မဟုတ်) မချင့်မရဲသာ<br>အသုံးပြုထားခြင်း။ | ဆရာသည်<br>ဘာသာရပ်ကိုကောင်းမွန်စွာ<br>နားလည်ကြောင်းကို<br>ပြသသည့်အနေဖြင့်<br>ကျောင်းသားများ၏ မေးခွန်းများ<br>ကိုလည်းယုံကြည်မှုအပြည့်ဖြင့်<br>ပြန်လည်ဖြေကြားခြင်း။<br><br>ဆရာသည်နည်းလမ်းအမျိုးမျိုးကို<br>အသုံးပြု၍ ဘာသာရပ်၏<br>အကြောင်းအရာများကို<br>ပိုမိုနားလည်စေရန် ရှင်းပြပေးခြင်း။<br><br>ဆရာသည် မှန်ကန်သော<br>အချက်အလက်များကို အပြောင်းအလဲ<br>မရှိ<br>တသမတ်တည်း ရှင်းပြပေးသည်။<br><br>သင်ခန်းစာပါအချက်အလက်များ<br>ကိုလည်းကျောင်းသားများ၏<br>စိတ်ဝင်စားမှုနှင့် နေ့စဉ်ဘဝနှင့်<br>ချိတ်ဆက်ပေးခြင်း။ | ဆရာသည်<br>သင်ခန်းစာကိုဖြန့်ကျက်ချဲ့ထွင်၍<br>သင်ကြားချိန်တွင် သင်ရိုးညွှန်းတမ်းကို<br>လက်တွေ့ဘဝနှင့်<br>ချိတ်ဆက်ပေးခြင်း။<br><br>ဆရာသည်ကျောင်းသားများ၏<br>အကြောင်းအရာအပေါ်<br>နက်နက်နဲနဲ နားလည်မှုကို<br>ပြသနိုင်အောင်<br>လုပ်ဆောင် ပေးနိုင်သည်။ | | |

| မြန်မာ့ဆရာများ သတ်မှတ်ချက်စံနှုန်း | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>**အခြေခံအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့်(၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*-ဆရာ/မ ကြိုးစားအားထုတ်မှုအောင်မြင်ပါသည်။* | အဆင့်(၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မနှင့် ကျောင်းသား/သူ နှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | **မှတ်ချက်**<br>**ကြည့်ခဲ့သောသင်ခန်းစာအား အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။** | **ဗွီဒီယို အချိန်** |
|---|---|---|---|---|---|---|
| ခ(၁.၂) သင်ကြားသင်ယူမှုနည်းဗျူဟာများ | သင်ကြားသင်ယူခြင်းနည်းလမ်းများကို ဆရာသည် ကြိုးစားအားထုတ်ခြင်းမရှိပါ။ ဆရာသည်ကျောင်းသားများကို အမိန့်ပေးခိုင်းစေခြင်းနှင့် ကျောက်သင်ပုန်းပေါ်ရှိ(သို့) ဖတ်စာအုပ်ပါအကြောင်းအရာများကိုသာကူးယူစေခြင်း။<br><br>ဆရာသည်ကျောင်းသားများ၏ အတွေးအခေါ်များကို အားပေးခြင်း၊တုန့်ပြန်ခြင်း နှင့် ရှင်းပြခွင့်များကိုမပေးခြင်း။<br><br>ကျောင်းသားများသည် သင်ခန်းစာတွင်အချိန်တိုင်း လိုလိုတတ်ကြွနေမှုမရှိခြင်း။ | ဆရာသည် သင်ကြားမှုနည်းလမ်းများကိုကြိုးစားသင်ပေးသော်လည်း အောင်မြင်မှုမရှိပေ။ ကျောင်းသားများသည် သင်ခန်းစာကိုကောင်းကောင်းနားမလည်သည်ကိုတွေ့ရခြင်း။<br><br>ကျောင်းသားများသည် အုပ်စုဖွဲ့၍လုပ်ဆောင်ရန် အခွင့်အရေးများနည်းပါးခြင်း။<br><br>ကျောင်းသားများသည်ဆရာက တိုက်ရိုက်ညွှန်ကြားလုပ်ဆောင်မှုသာတတ်ကြွမှုရှိခြင်း။ | ဆရာသည်တစ်ခုထက်ပိုသော သင်ကြားနည်းများကိုအသုံးပြု၍ သင်ကြားပေးသည့်အနေဖြင့် အမြင်၊အကြား၊ထိတွေ့လှုပ်ရှားမှုများပါဝင်သည့် နည်းလမ်းများကို **သင်ခန်းစာ၏အချို့အပိုင်းများတွင်** အသုံးပြုခြင်း။<br><br>ကျောင်းသားများသည်အဖွဲ့လိုက် လုပ်ဆောင်ခြင်းနှင့် အချင်းချင်းဆွေးနွေးဖလှယ်ခြင်းများကို လုပ်ဆောင်ကြသည်။<br><br>ကျောင်းသားများသည် သင်ခန်းစာအား(၉၀%)ခန့် စိတ်ဝင်စားကြသည်။ | ဆရာသည် **သင်ခန်းစာတစ်ခုလုံးနီးပါးတွင်** ကျောင်းသားများစိတ်ပါဝင်စားမှုရှိစေရန် သင်ယူမှုနည်းလမ်း အားလုံးပါဝင်သည့်အမြင်အာရုံဖြင့်သင်ယူခြင်း၊ အကြားအာရုံကိုအသုံးပြု၍ သင်ယူခြင်း နှင့် ထိတွေ့လှုပ်ရှားမှုဖြင့်သင်ယူခြင်း တို့ကို အသုံးပြုခြင်း။<br><br>ကျောင်းသားများသည် သင်ခန်းစာတစ်ခုလုံးတွင်(၁၀၀%) စိတ်ပါဝင်စားမှုအပြည့်နှင့် တတ်ကြွစွာပူးပေါင်းပါဝင်ခြင်း။ | | |

| မြန်မာ့ဆရာ များ သတ်မှတ် ချက်စံနှုန်း | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>**အခြေခံအဆင့်**<br>*-ဆရာ/မ ကြိုးစား သင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့်(၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*-ဆရာ/မ ကြိုးစားအား ထုတ်မှုအောင်မြင်ပါသည်။* | **အဆင့်(၄)**<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မနှင့် ကျောင်းသား/သူ နှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | **မှတ်ချက်**<br>**ကြည့်ခဲ့သောသင်ခန်းစာအား အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။** | **ဗွီဒီယို အချိန်** |
|---|---|---|---|---|---|---|
| ခ(၁.၃)<br><br>သင်ခန်းစာ<br><br>ပြင်ဆင်ခြင်းနှင့်<br><br>သင်ကြားမှုပုံစံ | ဆရာ၏သင်ခန်းစာသည် သေသပ်မှုမရှိခြင်းနှင့် ယခင်ပြင်ဆင်မှုကိုကောင်းမွန်စွာလုပ်လာသောသက်သေ အချက်အလက်နည်းခြင်း။<br><br>ဆရာ၏ပြင်ဆင်မှု အားနည်းသောကြောင့် သင်ခန်းစာ၏ အချိန်များသည်အသုံးဝင်မှု မရှိဘဲကုန်ဆုံးခဲ့သည်။ | ဆရာသည်ယခင်သင်ခဲ့သော အကြောင်းအရာများနှင့် ချိတ်ဆက်သည့်အခါ အောင်မြင်မှုမရခဲ့ပါ။<br><br>ကျောင်းသားများအနေဖြင့် သူတို့သင်ရမည့်အကြောင်းအရာကို သေချာစွာမသိရှိဘဲ သင်ခန်းစာ၏ ရည်ရွယ်ချက်မှာလည်း ရှင်းလင်းမှုမရှိပါ။<br><br>သင်ခန်းစာသင်ကြားမှု မြန်ဆန်သောကြောင့် ကျောင်းသားများမလိုက်နိုင်ခြင်း။<br><br>သင်ခန်းစာသည်နှေးလွန်းခြင်း (သို့)ထပ်ခါထပ်ခါဖြစ်နေခြင်း ကြောင့် ကျောင်းသားများ စိတ်ဝင်စားမှု အားနည်းခြင်း။<br><br>သင်ခန်းစာထဲတွင် မသင်လိုက်ရခြင်း၊ စောစီးစွာပြီးစီးသွားခြင်း (သို့)အချိန်ကျော်လွန်ကာ သင်ကြားရခြင်းများဖြစ်သွားခြင်း။<br><br>သင်ကြားနေရင်း အချို့သင်ကြားပေးရမည့် အပိုင်းများလွတ်သွားခြင်း။ | ဆရာသည်သင်ခန်းစာကို မိတ်ဆက်ပေးသည့်အပိုင်းတွင် ယခင်သင်ကြားခဲ့သော အကြောင်းအရာများပါဝင်သည်။<br><br>ဆရာမှ ယခုသင်ခန်းစာတွင် သင်ယူတတ်မြောက်သွားမည့် အရာများကိုပြောပြပေးခြင်း။<br><br>ကျောင်းသားများ အကြောင်းအရာ အသစ်များကို သင်ယူနိုင်ရန် သင့်တော်သောသင်ကြားမှု အချိန်ကိုယူ၍ သင်ပေးခြင်း။<br><br>ဆရာသည် သင်ခန်းစာကို အရှိန်နှုန်း မှန်မှန်ဖြင့်သင်ပေးခြင်း။<br><br>ဆရာသည်သင်ခန်းစာ၏ အချိန်တစ်ခုလုံးကိုအကျိုးရှိစွာ အသုံးချခြင်း။<br><br>သင်ခန်းစာသည် သင့်တော်သောနိဂုံးချုပ်ခြင်း(သို့) ပြန်လည်သုံးသပ်ခြင်းဖြင့် ပြီးဆုံးခြင်း။ | ယခင်သင်ယူခဲ့သော အကြောင်း အရာများကို ကျောင်းသားများနှင့်အပြန်အလှန် ပြန်လည် **ဆွေးနွေးခြင်းဖြင့်** ကျောင်းသားတစ်ယောက် ခြင်းစီ၏ အရည်အသွေးများအား သိနားလည်ခြင်း။<br><br>သင်ယူရမည့်အရာများကို **အသေးစိတ်** ရှင်းလင်းစွာ ပြောပြထားခြင်း၊<br><br>သင်ခန်းစာသည်ကျောင်းသားများ အတွက်ခက်ခဲနက်နဲသော ပြဿနာများကို တတ်ကြွစွာ ဖြေရှင်းပေးနိုင်ရန် ရေးဆွဲထားခြင်း။<br><br>သင်ခန်းစာပါအကြောင်းအရာ အားလုံးသည်သင်ခန်းစာ၏ ရလဒ်နှင့်တိုင်းတာနိုင်သော ရလဒ်များနှင့်ဆိုင်သော အကြောင်းအချက်များသာပါဝင်နေစေခြင်း။ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁ (၂.၁)<br>သင်ယူမှုကို<br>စစ်ဆေးခြင်းနှင့်<br>အကဲဖြတ်ခြင်း | ဆရာသည်ကျောင်းသား များ၏သင်ယူမှုနှင့်ပတ်သက်၍ စစ်ဆေးအကဲဖြတ်ခြင်းမရှိပါ။<br><br>ဆရာသည်ကျောင်းသာများမှ သူတို့၏နားလည်တတ်မြောက်မှု များကိုတင်ပြခွင့်မပေးခဲ့ပါ။<br><br>ဆရာသည်ယေဘူယျဖြစ်သော ဟုတ်တယ်(သို့)မဟုတ်ဘူး အဖြေများသာပေးနိုင်သည့် မေးခွန်းများကိုသာမေးခဲ့သည်။ | ဆရာသည်ကျောင်းသား များသင်ယူမှုကို တစ်ခန်းလုံးအနေအထားဖြင့် နည်းတစ်ခုသာသုံး၍ စစ်ဆေးခဲ့သည်။<br><br>ဆရာသည် မှတ်ဉာဏ်စမ်းစစ်သည့်မေးခွန်းပုံစံ တစ်မျိုးတည်းဖြစ်သည့် အပိတ်မေးခွန်း(သို့) အဖြေတစ်ခုသာရှိသည့်မေးခွန်းပုံစံ မျိုးကိုသာမေးခဲ့သည်။<br><br>ကျောင်းသားများကို အကြံပေးရာတွင် ယေဘူယျပုံစံသာဖြစ်ပြီး တိုးတက်လာစေရန် အထောက်အကူမဖြစ်ခဲ့ပါ။<br><br>ကျောင်းသားများ နားလည်ကြောင်း သက်သေပြသည့် မေးခွန်းနှင့်စစ်ဆေးမှုများ ကိုအနည်းငယ်သာပြုလုပ်ခဲ့သည်။<br><br>စစ်ဆေးမှုများသည် သင်ယူနေသော အချက်များနှင့် လျှော်ကန် သင့်မြတ်မှုမရှိပေ။<br><br>ကျောင်းသားများသည် စစ်ဆေးရခြင်း ရည်ရွယ်ချက်၏ စံသတ်မှတ်ချက်များအား နားလည်မှုမရှိပေ။ | ဆရာသည်ကျောင်းသားများ၏ တိုးတက်မှုကို မကြာမကြာ စစ်ဆေးသည်။<br><br>ဆရာသည် ကျောင်းသားများ၏ နားလည်မှုကိုစိန်ခေါ်သောအဖွင့် မေးခွန်းများကိုမေးသည်။<br><br>ကျောင်းသားများကို ပေးသော အကြံပေးချက်များသည်မှန်ကန်ပြီး အသေးစိတ်ကျပါသည်။<br><br>ဆရာသည် စစ်ဆေးမှုနည်းလမ်းမျိုးစုံဖြစ်သည့် စာသင်ခန်းတွင်းဆွေးနွေးခြင်း၊ တစ်ဦးချင်းစီအားတာဝန်ပေးခြင်း၊ ထိုင်ပြီးလုပ်ရသောတာဝန်များကို လုပ်ဆောင်စေခြင်း၊ ကျောင်းသား တစ်ယောက်ခြင်းစီ ၏လုပ်ဆောင်မှု များကိုအကြံပေးခြင်းများ လုပ်ဆောင် ပါသည်။<br><br>စစ်ဆေးမှုများသည် သင်ကြားမှုများနှင့်ပတ်သက် လျှော်ကန်မှုရှိသည်။<br><br>ဆရာသည် အရည်အသွေးမြင့်မားသော လုပ်ဆောင်မှုမျိုးကိုဥပမာများပေး၍ အောင်မြင်စွာလုပ်ဆောင် နိုင်ရန် ရည်ရွယ်ချက်၏ စံသတ်မှတ်ချက်များ ကိုကျောင်းသားများအားရှင်းရှင်း လင်း လင်း သဘောပေါက်စေခြင်း။ | ဆရာသည်ကျောင်းသားများအား စိန်ခေါ်နိုင်သောမေးခွန်းအမျိုးမျိုး (သို့) နည်းလမ်းများကိုအသုံးပြုခြင်းနှင့် အဆင့်မြင့်တွေးခေါ်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း။<br><br>နားလည်မှုစစ်ဆေးချက်များကို သင်ကြားမှုတစ်လျှောက်လုံးတွင် အသုံးပြုသွားခြင်း။<br><br>တိုးတက်လာမှုကို စစ်ဆေးနိုင်ရန် ကျောင်းသားများသည် ၎င်းတို့ ကိုယ်တိုင်သော်လည်းကောင်း အချင်းချင်းသော်လည်းကောင်း သုံးသပ်အကြံပြုချက်များကို ပေးခွင့်ရသည်။ | | |

| မြန်မာ့ဆရာ များ သတ်မှတ် ချက်စံနှုန်း | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>**အခြေခံအဆင့်**<br>*-ဆရာ/မ ကြိုးစား သင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့်(၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*-ဆရာ/မ ကြိုးစား အားထုတ်မှုအောင်မြင်ပါသည်။* | **အဆင့်(၄)**<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မနှင့် ကျောင်းသား/သူ နှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | **မှတ်ချက်**<br>**ကြည့်ခဲ့သောသင်ခန်းစာအား အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။** | **ဗွီဒီယို အချိန်** |
|---|---|---|---|---|---|---|
| ခ(၃.၁)<br>စာသင်ခန်း ဝန်းကျင်နှင့် လုံခြုံရေး | ဆရာသည်ကျောင်းသား များအား လေးစားမှုမပြခြင်း(သို့) ကျောင်းသားများ၏ အသက်အရွယ်အလိုက်နှင့် ဖွံ့ဖြိုးမှုအဆင့်အလိုက် လုပ်ကိုင်နိုင်စွမ်းကို အလေးမထားခြင်း။<br><br>ဆရာသည် ကျောင်းသား အချင်းချင်း မလေးမစားလုပ်နေသည်ကို ရပ်တန့်ပေးမှုမရှိခြင်း။<br><br>စာသင်ခန်းသည် လုံခြုံမှုမရှိခြင်း (သို့)သင်ကြားမှုကို ထိခိုက်နိုင်လောက်အောင် အစီစဉ်မကျဖြစ်နေခြင်း။ | ဆရာသည် ကျောင်းသားများကို လေးစားမှုရှိအောင် ကြိုးစားလုပ်ဆောင်သော်လည်း ကျောင်းသားများ၏ အပြုအမူကိုကြည့်ခြင်းအားဖြင့် ထိုလုပ်ဆောင်မှု မအောင်မြင်ကြောင်းတွေ့ရခြင်း။<br><br>ဆရာသည် ကျောင်းသားများအချင်းချင်း လေးစားမှုမရှိသည်ကို ကြိုးစားဖြေရှင်းသော်လည်း ရလဒ်မှာအားရစရာမရှိခြင်း။<br><br>စာသင်ခန်းသည် သင်ယူမှုများကိုအထောက်အကူ ပြုရန် ယခုအခြေအနေထက် ပိုသန့်ရှင်းပြီးအစီအစဉ်တစ်ကျ ဖြစ်ရန်လိုအပ်နေသေးသည်။ | ဆရာအနေဖြင့်လေးစားမှု အပြည့်ရှိသော၊ ကျန်းမာရေး ကောင်းမွန်သော လုံခြုံနွေးထွေးမှု ပေးနိုင်သောစံပြဆရာ တစ်ယောက်ဖြစ်ခြင်း။<br><br>ကျောင်းသားများသည် အဖွဲ့အနေဖြင့်သော်လည်းကောင်း တစ်ယောက်ခြင်း အနေဖြင့် သော်လည်းကောင်း ကောင်းမွန်စွာလုပ် ဆောင်ကြသည်။<br><br>ဆရာသည် လုံခြုံသန့်ရှင်းပြီး သေသပ်သော သင်ယူမှုပတ်ဝန်း ကျင်ကို ပြုလုပ်ပေးထားခြင်း။<br><br>ကျောင်းသားများ အတတ်နိုင်ဆုံးစိတ်ပါဝင်စားမှု ရှိစေရန်အတွက်ဆရာသည် စာသင် ခန်းနှင့်စာသင်ခန်းရှိ ပရိဘောဂများ ကိုအသုံးပြုထားခြင်း။ | ဆရာသည် လေးစားစွာဖြင့် ကျောင်းသားများအားပညာရေးနှင့် ပတ်သက်သောကိစ္စရပ်များတွင် မည်သည့်ကြိုးစားအားထုတ်မှုမျိုးကို မဆိုအားပေးသည်။<br><br>ကျောင်းသားများသည် ဆရာကိုသော်လည်းကောင်း အခြားကျောင်းသားများကို သော်လည်းကောင်း ရက်ကြောက် စိုးရွံ့ခြင်းမရှိဘဲ လေးစားစွာ ပူးပေါင်း ပါဝင် လုပ်ဆောင်ကြခြင်း။<br><br>ပူးပေါင်းလုပ်ဆောင်ရန်အတွက် ကျောင်းသားများအချင်းချင်း အား ပေးကြသည်။<br><br>သင်ယူနိုင်မှုအားကောင်းသမျှ ကောင်းရန် စာသင်ခန်းကို လုံခြုံသေသပ်စွာထားရှိခြင်း။ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁ (၃.၂)<br>အပြုအမူပိုင်း<br>ဆိုင်ရာ<br>စီမံခန့်ခွဲမှုများ | ကျောင်းသားများမှ စာသင်ကြားခြင်းကို အနှောင့်အယှက်ဖြစ်စေသော အပြုအမူများပြုလုပ်သောအခါ ဆရာ့အနေဖြင့်သတိမထားမိခြင်း ထိုအပြုအမူအပေါ်တွင်တုံ့ပြန်မှုမရှိခြင်း(သို့) အကျိုးသက်ရောက်မှုမရှိသော တုံ့ပြန်မှုမျိုးအသုံးပြုခြင်း။<br><br>ကျောင်းသားများအနေဖြင့် စာသင်ခန်းအတွင်း မည်ကဲ့သို့ ပြုမူနေထိုင်ရမည်ကို မသိရှိခြင်း။<br><br>ကျောင်းသားများမှ စာသင်ခန်းတွင်းစည်းကမ်းများနှင့်ဆန့်ကျင်ကာပြုမူနေထိုင်လျှင် ဆရာမှ ခြိမ်းခြောက်၍ဖြစ်စေ၊ အရှက်ရစေ၍ဖြစ်စေ(သို့) ရိုက်နှက်ဆုံးမကာ ကျောင်းသား၏အပြုအမူအား ပြုပြင်ပေးသည်။<br><br>ဆရာသည် ကျောင်းသား၏ အပြုအမူအား ကြိုးစား၍ ကြီးကြပ်မှုမရှိပေ။<br><br>မျှော်မှန်းထားသော အပြုအမူနေထိုင်မှု ပုံစံမျိုးမရှိ၊ စာသင်ခန်းပတ်ဝန်းကျင် သည်လည်း စနစ်မကျပေ။ | ဆရာအနေဖြင့် စာသင်ခန်းတွင်း လိုက်နာရမည့်စည်းကမ်းများကို ရည်ညွှန်းပြီး စနစ်ကျအောင် ကြိုးစားသော်လည်း အောင်မြင်မှုမရှိခြင်း။<br><br>ကျောင်းသားများ၏ အပြုအမူများအား ပြုပြင်ပြောဆိုနေသဖြင့် စာသင်ကြားချိန်များ နှောင့်နှေးကုန်ဆုံးသွားခြင်း။<br><br>ဆရာမှ အပြုသဘောဆောင်သော သွန်သင်ဆုံးမမှုများကို အသုံးပြုသော်လည်း အပျက်သဘောဆောင်သော ပြောဆိုလုပ်ဆောင်မှုများကို အသုံးပြုနေသေးသည်ကိုလည်း တွေ့ရသည်။<br><br>ဆရာအနေဖြင့်ကျောင်းသားများ၏ အပြုအမူအားကြိုးစား ပြုပြင်သော်လည်း အသုံးပြုသောစနစ်မှာထိရောက်မှုမရှိပါ။<br><br>ဆရာအနေဖြင့်ကျောင်းသားများ၏ အပြုအမူအားတုံ့ပြန်ပုံမှာ တစ်သမတ်တည်းမကျပေ၊ တစ်ခါတစ်ရံ အလွန်ပြင်းထန်သော်လည်း တစ်ခါတစ်ရံတွင် အလွန်ပျော့ပျောင်းသည်။ | ကျောင်းသားများမှ စာသင်ခန်းစည်းကမ်းများကို သိရှိနားလည်ပြီး လိုက်နာမှုရှိရုံသာမက ဆရာမှလည်း ရှင်းလင်းသောမျှော်မှန်းထားသည့် အပြုအမူပုံစံမျိုးကိုအားပေး ထောက်ပြပေးသည်။<br><br>ကျောင်းသား၏ မှားယွင်းသောမည်သည့် အပြုအမူမျိုးကိုမဆိုလျှင်မြန်စွာ ပြုပြင်နိုင်ရန် ထိရောက်မှုရှိသော စနစ်ကိုအသုံးပြုသည်။<br><br>ကျောင်းသားများအား ဆရာမှ အရှက်ရစေရန်မပြောဆိုဘဲ၊ ကျောင်းသားတစ်ယောက်ချင်းစီနှင့် အပြုသဘောဆောင်သော ပြောဆိုဆက်ဆံခြင်းမျိုးကို အသုံးပြုသည်။<br><br>စာသင်ချိန်အတွင်း ပြောဆိုဆက်ဆံရာတွင် ကျောင်းသားများအကြား အပြန်အလှန်လေးစားမှု ရှိစေရန် လည်းအားပေး လုပ်ဆောင် သည်။<br><br>ဆရာအနေဖြင့်မလိုလားအပ်သော အပြုအမူများအား တစ်သမတ် တည်းကျစွာနှင့် သင့်တော်စွာပြုပြင် ပေးသည်။ | ကျောင်းသားများမှာလည်း စာသင်ချိန်တစ်ချိန်လုံးအတွင်း သင့်တော်စွာပြုမူနေထိုင်ကြသည်။<br><br>ကျောင်းသားများ၏ စည်းကမ်းနှင့်ဆန့်ကျင်သော အပြုအမူများမှာအနည်းအကျဉ်းသာဖြစ်၍ ဆရာမှ  လျှင်မြန်စွာနှင့် တစ်သမတ်တည်းကျစွာ ကိုင်တွယ်ဖြေရှင်းနိုင်သည်။<br><br>တစ်စုံတစ်ယောက်၏ စာသင်ခန်းတွင်းအပြုအမူမှာ မှားယွင်းနေလျှင်လည်း ကျောင်းသားများမှအချင်းချင်း လေးလေးစားစား ပြောဆိုပြုပြင်ပေးကြသည်။ | | |

| မြန်မာ့ဆရာများ သတ်မှတ်ချက်စံနှုန်း | အဆင့် (၁)<br>ကျေနပ်အားရဖွယ်မရှိသောအဆင့်<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>အခြေခံအဆင့်<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့်(၃)<br>ကျွမ်းကျင်မှုအဆင့်<br>*-ဆရာ/မ ကြိုးစားအားထုတ်မှုအောင်မြင်ပါသည်။* | အဆင့်(၄)<br>အောင်မြင်သောအဆင့်<br>*-ဆရာ/မနှင့် ကျောင်းသား/သူ နှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | မှတ်ချက်<br>ကြည့်ခဲ့သောသင်ခန်းစာအား အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။ | ဗွီဒီယို အချိန် |
|---|---|---|---|---|---|---|
| ဂ (၁.၁)<br>ကျွမ်းကျင်မှု<br>ဆိုင်ရာ<br>ပြုမူကျင့်ကြံမှု | ဆရာအနေဖြင့် စာသင်ခန်းအတွင်းနောက်ကျမှ ရောက်ရှိသည်၊ အချိန်မပြည့်သေးသော်လည်း စောစီးစွာထွက်သွားသည်၊ စာသင်ခန်း ၏အပြင်ဖက်တွင် အချိန်အတော်ကြာရှိနေသည်။<br><br>ဆရာသည်ကျောင်းစည်းမျဉ်း စည်းကမ်းများကို ကျောင်းသားများ၏ရှေ့တွင်ပင် မထီမဲ့ မြင်ပြုလျှစ်လျူရှုသည်။<br><br>ကျောင်းသားများ၏သင်ယူမှု အခက်အခဲမှာ ၄င်းတို့၏ အပြစ်သာဖြစ်သည်ဟု ဆရာမှပြောဆိုသည်။ | ဆရာမှ ကျောင်းစည်းမျဉ်း စည်းကမ်းများအားလိုက်နာသည်။<br><br>ကျောင်းသားများ၏စိတ်ဝင်စားမှု နှင့် အောင်မြင်မှုအပေါ်တွင် အနည်းငယ်သာအားစိုက်ထုတ်မှု ရှိကြောင်းဆရာ၏အပြုအမူမှ ဖော်ဆောင်နေသည်။<br><br>ဆရာသည် တစ်သမတ်တည်းမကျသော ရှေ့ဆောင်လမ်းပြသူ တစ်ယောက်ဖြစ်ပြီး ကျောင်းသားများ အား လှုံ့ဆော်ပေးရန် အနည်းငယ်သာ အားစိုက်ထုတ်မှု ရှိသည်။ | ဆရာသည် သင်ခန်းစာအတွက် အတော်အတန်ပြင်ဆင်မှုရှိပြီး စာသင်ခန်းသို့အချိန်မှီရောက်ရှိသည်။<br><br>ဆရာသည်သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်မှုရှိပြီး စနစ်တကျ သင် ကြားပေးသည်။<br><br>ဆရာအနေဖြင့် ဆရာ့ကျင့်ဝတ် ငါးပါးနှင့်အညီကျင့်ကြံနေထိုင်သည်။<br><br>ကျောင်းသားအားလုံးပါဝင်နိုင်ရန်နှင့် လေးစားဖွယ်ရာအမူအကျင့်များ အား မြှင့်တင်ပေးပြီး ရှေ့ဆောင်ပြုမူနေထိုင်သည်။<br><br>ကျောင်းသားများအား ပူးပေါင်းပါဝင်ရန်အားပေးပြီး အကောင်းဆုံးအားစိုက်ထုတ်ရန် လှုံ့ဆော်ပေးသည်။ | ဆရာသည်ဥပမာကောင်း တစ်ယောက်အနေဖြင့်ပြုမူသည်။<br><br>ကျောင်းသားများအားလုံး ပါဝင်နိုင်ရန်နှင့်တစ်ဦးချင်းအလိုက် အကြံပြုချက်များပေးနိုင်ရန် အထူးကြိုးပမ်းအားထုတ်မှုလည်း ရှိသည်။<br><br>ဆရာ၏ အပြုအမူကောင်းနှင့် အမူအကျင့်ကောင်းများအား ကျောင်းသားများမှ သင်ယူအတုယူကြောင်း သက်သေပြသည်။ | | |

| မြန်မာ့ဆရာ များ သတ်မှတ် ချက်စံနှုန်း | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>**အခြေခံအဆင့်**<br>*-ဆရာ/မ ကြိုးစား သင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့်(၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*-ဆရာ/မ ကြိုးစားအား ထုတ်မှုအောင်မြင်ပါသည်။* | အဆင့်(၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မနှင့် ကျောင်းသား/သူ နှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | **မှတ်ချက်**<br>**ကြည့်ခဲ့သောသင်ခန်းစာအား အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။** | **ဗွီဒီယို အချိန်** |
|---|---|---|---|---|---|---|
| ဂ(၁.၃)<br>ကျောင်းသား<br>များ၏<br>ယဉ်ကျေးမှု<br>နှင့်အမွေအနှစ်<br>များ | ဆရာအနေဖြင့် ဘာသာစကားပေါင်းစုံ အသုံးပြုသင်ယူမှုနှင့် မတူကွဲပြားမှုများအား အားပေး မြှင့်တင်ပေးမှုမရှိပေ။<br><br>ကျောင်းသားများအနေဖြင့် ၎င်းတို့၏ယဉ်ကျေးမှု အမွေအနှစ်များအပေါ်တွင် အနည်းငယ်(သို့)လုံးဝ အလေးမထားကြောင်း ပြသသည်။<br><br>ကျောင်းသားများ၏ စိတ်ခံစားချက်ထိခိုက်ကြောင်း ၊သက်တောင့်သက်သာ မဖြစ်ကြောင်း၊(သို့) လုံခြုံမှုမရှိကြောင်း ကိုယ်အမူအရာဖြင့်ဖော်ပြခြင်း။<br><br>ကျောင်းသားများ၏ နောက်ခံယဉ်ကျေးမှု နှင့်ပတ်သက်၍ လေးစားမှုမရှိခြင်းနှင့် အခြားတစ်ဖက်အား ထည့်သွင်းစဉ်းစားပေးမှုမရှိပေ။ | ဆရာအနေဖြင့် ကျောင်းသား များ၏ နောက်ခံယဉ်ကျေးမှု အမွေအနှစ်အကြောင်းများအား သင်ခန်းစာနှင့် ကြိုးစားပြီး ဆက်စပ်သင်ကြားပေးသော်လည်း၊ ၎င်းဥပမာများမှာ ကျောင်းသား များအတွက် အကြောင်းအရာ အပေါ်နာလည်မှုလွဲကာ အယူအဆလွဲမှားစေသည်။<br><br>ကျောင်းသားတစ်ယောက်ချင်းစီ အလိုက် ၎င်းတို့၏နောက်ခံ၊ ဒေသအလိုက် (သို့) မိသားစုဘဝအခြေအနေများ နှင့် ကြိုးစားပြီးဆက်စပ်သင်ကြား သော်လည်း၊ ထိုကြိုးစားမှုများမှာ မအောင်မြင်ကြောင်း ကျောင်းသားများ၏ တုံ့ပြန်မှုများမှဖော်ပြနေသည်။<br><br>ဆရာအနေဖြင့်ကျောင်းသားများ ၏ယဉ်ကျေးမှုနောက်ခံ၊ ပတ်ဝန်းကျင်(သို့) မိသားစုဘဝ များနှင့်ဆက်စပ်ပြီးသင်ကြားမှု မရှိခြင်း (သို့) ထိုသို့ဆက်စပ်သင်ကြားမှု အားနည်းခြင်း။ | သင်ယူမှုလွယ်ကူစေရန် ကျောင်းသားများ၏ နေ့စဉ်ဘဝမှဥပမာများနှင့် ဒေသအလိုက်ယဉ်ကျေးမှု၊ ဗဟုသုတများအား ရည်ရွယ်ချက်ရှိရှိ အသုံးချပြီးသင် ကြားသည်။<br><br>ဖြစ်နိုင်လျှင် ဆရာမှ ဘာသာစကားအမျိုးမျိုးအသုံးပြု၍ ခက်ခဲသောစကားလုံးများအား ရှင်းပြသည်။<br><br>စာသင်ကြားနေစဉ် ဆရာမှ ကျောင်းသားများ၏ ကိုယ်ပိုင်ဘာ သာစကား အသုံးပြု၍ ရှင်းပြပေး သည်။<br><br>ကိုယ်ပိုင်ဥပမာများအားဝေမျှ၍ မတူကွဲပြားမှုများကို ပိုမိုသိမြင်နိုင် စေရန်မြှင့်တင်ပေးသည်။ | လှုပ်ရှားမှုများအားအသုံးပြု၍ မတူကွဲပြားမှုများနှင့် အခြားသူများ၏မတူကွဲပြားမှုများ အားလည်းလက်ခံနိုင်ရန် အရေပါပုံများကိုဆရာမှ လက်ဆင့်ကမ်းပြောပြပေးသည်။<br><br>ကျောင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ဒေသတွင်းနှင့် မိသားစုဘဝ အ ကြောင်းများအား ပိုမိုသိရှိနိုင်စေရန် နှင့် အပြန်အလှန် ဝေမျှပေးနိုင်ရန် ဆရာမှ အလေးထားကာ လှုံ့ဆော် ပေးသည်။<br><br>ကျောင်းသားများအား အကြောင်းအရာအားပိုမိုနားလည် လွယ်စေရန်၊ ဆက်နွယ်မှုရှိစေရန် ဆရာမှသင်ရိုးညွှန်းတမ်းအား ဒေသအလိုက်အခြေခံထားသည်။ | | |

| မြန်မာ့ဆရာများ သတ်မှတ်ချက်စံနှုန်း | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>**အခြေခံအဆင့်**<br>*-ဆရာ/မ ကြိုးစား သင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့်(၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*-ဆရာ/မ ကြိုးစားအား ထုတ်မှုအောင်မြင်ပါသည်။* | **အဆင့်(၄)**<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မနှင့် ကျောင်းသား/သူ နှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | **မှတ်ချက်**<br>**ကြည့်ခဲ့သောသင်ခန်းစာအား အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။** | **ဗွီဒီယို အချိန်** |
|---|---|---|---|---|---|---|
| ဂ (၁.၄)<br>အရင်းအမြစ်<br>(သင်ထောက်ကူပစ္စည်း) များကို<br>အသုံးပြုခြင်း။ | သင်ခန်းစာတစ်ခုလုံးအတွင်း ဆရာမှသင်ကြားမှု သင်ယူမှုဆိုင်ရာသင်ထောက်ကူ ပစ္စည်းများအားအသုံးပြုခြင်း မရှိပေ။ | သင်ခန်းစာတွင် ဆရာမှ သင်ကြား၊ သင်ယူမှုဆိုင်ရာ သင်ထောက်ကူပစ္စည်းများအား ကြိုးစား၍အသုံးပြုသော် လည်း ကျောင်းသားများ၏ နားလည်မှုအားအထောက်အကူ မဖြစ်ပေ။<br><br>အသုံးပြုခဲ့သော သင်ထောက်ကူ ပစ္စည်းများမှာသင်ခန်းစာ(သို့) ကျောင်းသားများ၏ အဆင့်နှင့် ကိုက်ညီမှုသင့်တော်မှုမရှိပေ။<br><br>သင်ယူမှုအား အထောက်အကူပြုနိုင်ချေရှိသော သင်ကြားမှု သင်ယူမှု သင်ထောက်ကူပစ္စည်းများအား အသုံးပြုမှုအားနည်းသည်။ | သင်ခန်းစာပိုမိုရှင်းလင်းစေရန်နှင့် ကျောင်းသား များလွယ်ကူစွာ နားလည်နိုင်စေရန် ဆရာမှ ရှိနေသော(သို့)ဖန်းတီးထားသော **သင်ထောက်ကူပစ္စည်းတစ်ခုခုအား** အကျိုးရှိရှိ အသုံးပြုသည်။<br><br>ကျောင်းသားများနှင့်ဆက်စပ်နိုင်ရန် နှင့် ၄င်းတို့၏စိတ်ကူးများအားဖန်တီး တင်ပြနိုင်ရန် ဆရာမှ ကျောင်းတွင်ရှိသောစာသင်ခန်းသုံး သင်ထောက်ကူ ပစ္စည်းများအား တီထွင်ဖန်တီး၍အသုံးပြုသည်။ | တီထွင်ဖန်တီးနိုင်သော နည်းလမ်းများနှင့်အကြောင်းအရာ အသစ်များသင်ယူနိုင်စေရန် ကျောင်းတွင်ရှိသော **အမျိုးမျိုးသော** (သို့)ဖန်တီးထားသောသင်ထောက်ကူ ပစ္စည်းများအား ဆရာမှ အကျိုးရှိရှိအသုံးပြုသည်။<br><br>ကျောင်းသားများအနေဖြင့် သင်ထောက်ကူပစ္စည်းများအား ၄င်းတို့ကိုယ်တိုင်ဖန်တီးနိုင် ခွင့်ရှိသည်။ | | |

| မြန်မာ့ဆရာများ သတ်မှတ်ချက်စံနှုန်း | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားမှုမရှိပါ။* | အဆင့် (၂)<br>**အခြေခံအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့်(၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*-ဆရာ/မ ကြိုးစားအားထုတ်မှုအောင်မြင်ပါသည်။* | **အဆင့်(၄)**<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မနှင့် ကျောင်းသား/သူနှစ်ဦးနှစ်ဖက်လုံးအောင်မြင်သည်။* | **မှတ်ချက်**<br>**ကြည့်ခဲ့သောသင်ခန်းစာအား အခြေခံ၍သုံးသပ်ချက်အသေးစိတ်ကိုရေးပါ။** | **ဗွီဒီယို အချိန်** |
|---|---|---|---|---|---|---|
| ဂ(၃.၁)<br>တန်းတူညီမျှမှု<br>နှင့်<br>ဂ(၃.၂)<br>အားလုံးပါဝင်<br>စေသော<br>သင်ကြားမှု | ဆရာမှကျောင်းသားများအား တန်းတူညီတူဆက်ဆံမှုမရှိ ခြင်း တစ်ချို့အားမျက်နှာသာပေးသော်လည်း အခြားသူများအားလျစ်လျူရှု၍ (သို့)အရှက်ရစေခြင်း။<br><br>ကျောင်းသားများ၏ နားလည်မှုလွဲခြင်း(သို့) ကျောင်းသားများ၏ လိုအပ်ချက်များအပေါ်ဆရာမှ သင်ခန်းစာအားကြိုးစား၍ ချိန်ဆပေးမှုမရှိပေ။<br><br>ကျောင်းသားများ၏မေးခွန်းများ နှင့် ကူညီပေးရန်တောင်းဆိုမှုများ အပေါ်တွင်ဆရာမှ လျစ်လျူရှုသည်။<br><br>ကျောင်းသားများအနေဖြင့် သင်ခန်းစာတွင်သက်တောင့်သက်သာပူးပေါင်းပါဝင်နိုင်မှု မရှိသည်မှာပေါ်လွင်နေသည်။ | ဆရာမှအခြားသူများထက်ပိုမို၍ အချို့ကျောင်းသားများအား ရွေးချယ်၍မေးခွန်းမေးခြင်းများ ပြုလုပ်သည်။<br><br>စာသင်ခန်း၏တစ်နေရာတည်းမှ (သို့) ကျောင်းသားတစ်ဦးတည်းအား ဆရာမှမရည်ရွယ်ဘဲ ပို၍အာရုံစိုက်သည်။<br><br>ကျောင်းသားအားလုံး၏ လိုအပ်ချက်ဖြင့် ကိုက်ညီအောင်ကြိုးစား လုပ်ဆောင်သော်လည်း တစိတ်တပိုင်းသာအောင် မြင်မှုရှိသည်။ | ဆရာမှ အဖွဲ့လိုက်(သို့) တစ်ဦးတစ်ယောက်အားခွဲခြားခြင်း (သို့) ဦးစားပေးခြင်းမျိုးမရှိပေ။<br><br>ကျောင်းသားအားလုံးအား အခွင့်အရေးတူညီစွာပါဝင်နိုင်ခွင့် ရှိစေရန်ဆရာမှတက်ကြွစွာ လုပ်ဆောင်ပေးသည်။<br><br>အထူးလိုအပ်ချက်ရှိသော ကျောင်းသားများနှင့်၊သင်ခန်းစာ နှင့်ပတ်သက်၍အခက်အခဲ ဖြစ်နေသောကျောင်းသားများအား ဆရာမှ ထပ်ဆင့်ကူညီ ထောက်ပံ့၍ဖြစ်စေ ၊သင်ကြားနည်းပြောင်းလဲ၍ ဖြစ်စေပံ့ပိုးပေးသည်။ | ကျောင်းသားများအားလုံး နားလည် သည်အထိ(သို့) နားလည်အောင်ကြိုးစားနိုင်ခွင့် ရှိသည်အထိ မရောက်မချင်း သင်ခန်းစာပြီးဆုံးသည်ဟု မယူဆကြောင်း ဆရာမှ ပြသသည်။<br><br>ကျောင်းသားတစ်ဦးချင်းအား ကူညီထောက်ပံ့ပေးနိုင်ရန် ဆရာမှ ကြိုမ်ဖန်များစွာ သင်ခန်းစာကိုချိန်ဆ၍သော်လည်းကောင်း၊ နည်းလမ်းမျိုးစုံကို အသုံးပြု၍ သင်ကြားပေးသည်။ | | |

| | | | |
|---|---|---|---|
| **အခြေခံ သင်ကြားမှု အချက် အလက်များ** | □ ဆရာမှ သင်ကြားနေစဉ် တစ်လျှောက် ကျောင်းသားများအား တိုက်ရိုက်ကြည့်ရှု သင်ကြားသည်။<br>□ စာသင်ခန်း၏အနောက်ဘက်မှပင်လျှင်ဆရာ၏အသံအားကြားနိုင်သည်။<br>□ ဆရာမှ ကိုယ်အမူအရာအား ကောင်းမွန်ထိရောက်စွာ အသုံးချသည်။ | □ ကျောင်းသားအားလုံး၏အခြေအနေအားသိရှိနိုင်ရန်စာသင်ခန်းအတွင်း လှည့်ပတ်ကြည့်ရှုလေ့ရှိသည်။<br>□ ဆရာမှ ကျောက်သင်ပုန်းပေါ်တွင်ရှင်းလင်းစွာ ရေးသည်။<br>□ ဆရာမှ ကျောင်းသားများ၏နာမည်များအသုံးပြု၍ခေါ်သည်။ | |

<table>
<tr><td>ယေဘူယျ မေးခွန်းများ မေးသောအကြိမ် အရေအတွက်</td><td colspan="6"></td><td colspan="2">စုစုပေါင်း</td><td colspan="2"></td><td></td></tr>
<tr><td>ဆရာရွေ့လျားမှု မြေပုံ</td><td colspan="10"></td><td></td></tr>
<tr><td rowspan="3">စုစုပေါင်း</td><td>1</td><td>2-</td><td>2</td><td>2+</td><td>3-</td><td>3</td><td>3+</td><td>4-</td><td>4</td><td>4+</td><td rowspan="3"></td></tr>
<tr><td>0</td><td>20</td><td>30</td><td>40</td><td>50</td><td>60</td><td>70</td><td>80</td><td>90</td><td>100</td></tr>
<tr><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

| မြန်မာ ဆရာများ သင်ကြားမှု အရည်အသွေးသတ်မှတ်ချက် စံနှုန်း | သင်ကြားမှုစစ်ဆေးမှုအပြီး မေးခွန်းများ |
|---|---|
| **ဃ (၁)<br>ကိုယ်ပိုင်သင်ကြားမှုနည်းလမ်းများအားသုံးသပ်ခြင်း။** | ၁။ သင်၏ သင်ခန်းစာအတွင်း မည်သည့် အပိုင်းများက အအောင်မြင်ဆုံးဖြစ်သနည်း။<br><br>၂။ သင်ခန်းစာအတွင်း မည်သည့်စိန်ခေါ်မှုများကို သင်ကြုံတွေ့ခဲ့ရပြီး နောင်တစ်ချိန်တွင် ပိုမိုကောင်းမွန်စေရန် မည်ကဲ့သို့လုပ်ဆောင်မည်နည်း။ |
| **ဃ (၂)<br>သင်ကြားမှုနည်းလမ်းများတိုးတက်မြင့်မားစေရန်လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** | ဃ ၂.၁.၁။ သင်ကြားမှုရလဒ်များ ပိုမိုကောင်းမွန်လာစေရန် အခြားဆရာများနှင့်မည်သို့ပူးပေါင်းလုပ်ဆောင်ပါသနည်း။<br><br>ဃ ၂.၁.၁။ အနာဂတ်တွင် သင်၏သင်ကြားပို့ချမှုနှင့်ပတ်သက်၍ မည်သည့်အပိုင်းကို တိုးတက်လာစေရန် မျှော်မှန်းထားပါသနည်း။ ထိုမျှော်မှန်းချက်အောင်မြင်နိုင်ရန် အချိန်မည်မျှလိုအပ်မည်ဟုသင်ထင်သနည်း။ |
| **ခ (၄)<br>အခြားဆရာများ၊ မိဘများ၊ ရပ်ကွက်လူထုနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း။** | ခ ၄.၁.၂။ ကျောင်းကိစ္စရပ်များ၊ ကလေးများသင်ယူမှုများကို အခြားဆရာများ၊မိဘများ၊ရပ်ရွာလူထုများနှင့် မည်သို့ဆွေးနွေးလုပ်ဆောင်ပါသနည်း။ |

| | | | |
|---|---|---|---|
| နိဂုံးချုပ်ထင်မြင်သုံးသပ်ချက်များနှင့်၊<br>အကြံပြုချက်များ | | | |
| စစ်ဆေးသူ | | နေ့စွဲ | |
| အကောင်းဆုံးသင်ကြားခြင်းများ<br>(အမည်) | | Video<br>အချိန် | |

**For more information:**

Please visit: www.teacherfocusmyanmar.org

Facebook: www.facebook.com/teacherfocus/